ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/၂၀၀၉)**

၁၃၇၀ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု** ခေါ်တွင်စေရမည်။

၂။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ခ)၌ ပါရှိသော "၁၈၈၆ ခုနှစ်မတိုင်မီက တည်ရှိသော" ဆိုသည့် စကားရပ်ကို "ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ ကတည်ရှိသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဂ)၌ပါရှိသော "၁၈၈၆ ခုနှစ်မတိုင်မီက တည်ရှိသော"ဆိုသည့် စကားရပ်ကို "ရှေးဟောင်းနေရာဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက် မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့တွင် ပါရှိသော ငွေဒဏ်များကို "ငွေဒဏ်ဖြစ်စေ"၊ ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၈။ မည်သူမဆို ပုဒ်မ ၂၇ အရ ချမှတ်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် တစ်သောင်းမှကျပ်တစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။"

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ